## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးခြင်း

၁၀။ (၁၀၀၇)နာရီအချိန်တွင် အခမ်းအနားမှူးမှပြည်နယ်လွှတ်တော် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူကတင်ပြခဲ့သည့်ပြည်နယ် ဥပဒေချုပ်နှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၅၁(ခ) ပါကန့်ကွက်လိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၆၁)ပုဒ်မခွဲ(က) ပါသတ်မှတ်အရည်အချင်းနှင့် မပြည်စုံကြောင်းကိုခိုင်လုံသည့် သက်သေအထောက်အထားများနှင့် ပူးတွဲ တင်ပြရမည်ဟုပါရှိကြောင်း ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ (ဂ)တွင် ပြည်နယ်ဥပဒေချုပ်အတွက် သတ်မှတ်ထားသောအရည်အချင်းနှင့် မပြည့်စုံကြောင်းအထင်အရှားမပြနိုင်ပါက ပြည်နယ်လွှတ်တော်သည် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ငြင်းပယ်ခွင့်မရှိစေရဟု ပါရှိကြောင်း ရှင်းလင်းခဲ့ပါသည်။

၁၁။ ဆက်လက်ပြီးပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက- လွှတ်တော်သို့တင်ပြလာသည့် ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်နှင့်ပတ်သက်၍ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ၃၆(က)နှင့် အညီကိုယ်စားလှယ်များမှတင်ပြဆွေးနွေးပေးကြပါရန်(၃)ကြိမ်မေးမြန်းခဲ့ရာ တင်ပြဆွေးနွေးခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

## ပြည်နယ်ဝန်ကြီးချုပ်မှရှင်းလင်းရန်ရှိပါက ပြန်လည်ရှင်းလင်းခြင်း

၁၂။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကရှင်းလင်းရန် မရှိသဖြင့် အစည်းအဝေးအစီအစဉ်(၇)အား ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၃။ (၁၀၁၅)နာရီအချိန်တွင်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းကြည်အား ခန့်အပ်တာဝန်ပေးရန်တင်ပြလာမှုနှင့်ပတ်သက်၍ ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာ တင်ပြဆွေးနွေးရန်မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၅၂)အရ ဦးဝင်းကြည်အား ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ကြောင်းကြေညာပါသည်။

**ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကပြည်နယ်စာရင်းစစ်ချုပ်၏ အမည်စာရင်းတင်ပြခြင်း**

၁၄။ (၁၀၁၆) နာရီတွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၅၂အရ ပြည်နယ်လွှတ်တော်တွင်မွန်ပြည်နယ်အတွက် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှကြေညာပေးပါရန်ပန်ကြားခဲ့ရာ (၁၀၁၇)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက် ခံထားရသူက ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်မျိုးအား တာဝန် ပေးအပ်မည်ဖြစ်ကြောင်း၊ ဒေါ်ခင်ခင်မျိုးသည်ဗမာ/ဗုဒ္ဓဖြစ်ပြီး၊ အသက် (၆၁)နှစ်၊ ပြည်နယ်စာရင်းရုံး၊ ညွှန်ကြားရေးမှူး(ငြိမ်း) B.com.AA, CPA ဘွဲ့ရရှိထားသူဖြစ်ကြောင်း ပြည်နယ်လွှတ်တော်သို့တင်ပြပါသည်။

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှတင်ပြဆွေးနွေးခြင်း**

၁၅။ (၁၀၁၇)နာရီအချိန်တွင်အခမ်းအနားမှူးမှ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြခဲ့သည့် မွန်ပြည်နယ်အတွက် ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်းနှင့်ပတ်သက်၍ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၅၁(ခ)ပါကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၆၁)ပုဒ်မခွဲ(က)ပါ သက်သေအထောက်အထားများနှင့် ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆(ဂ)တွင် ပြည်နယ်စာရင်းစစ်ချုပ်အတွက် သတ်မှတ်အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်နယ်လွှတ်တော်သည်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ပါရှိကြောင်းရှင်းလင်းခဲ့ပါသည်။

၁၆။ ဆက်လက်ပြီးအခမ်းအနားမှူးမှ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်သို့တင်ပြလာသည့် ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ခင်ခင်မျိုးနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၃၆(က)နှင့်အညီ ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးပေးကြပါရန်(၃)ကြိမ်မေးမြန်းခဲ့ရာ တင်ပြဆွေးနွေးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၇။ (၁၀၁၉)နာရီအချိန်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြလာသည့်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်မျိုးအားခန့်အပ်တာဝန်ပေးရန် တင်ပြလာမှုနှင့်ပတ်သက်၍ ကိုယ်စားလှယ်များအားတင်ပြဆွေးနွေးရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာ တင်ပြဆွေးနွေးရန်မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၅၂)အရ ဒေါ်ခင်ခင်မျိုးအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်းကြေညာပါသည်။

## အစည်းအဝေးရပ်နားကြောင်း ကြေညာခြင်း

၁၈။ (၁၀၂၀)နာရီအချိန်တွင်အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အားအောင်မြင်စွာ ပြီးစီးသွားသဖြင့် ရပ်နားခဲ့ကြောင်း ကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ<br>
(ကျော်သူရ လက်ထောက်ညွှန်ကြားရေးမှူး)<br>
လွှတ်တော်ရုံး(စီမံ)

စာအမှတ်၊ ၁၀၀ / လွှတ်တော်(စီမံ) / ၀၀၃

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

**ဖြန့်ဝေခြင်း**

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် အဆိုတင်သွင်းခြင်း (၂)ရပ်၊ သဘောတူဆုံးဖြတ်ခြင်း(၂)ရပ်၊ မှတ်တမ်းတင်ခြင်း (၁)ရပ်**

(က) **စတုတ္ထနေ့အစည်းအဝေးကျင်းပရက်**

၁၈. ၂. ၂၀၁၁ရက်နေ့(သောကြာနေ့)

(ခ) **ကျင်းပသည့်အချိန်**

နံနက် (၁၀၀၀)နာရီ

(ဂ) **ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ (ရာမညဆောင်)

(ဃ) **အဆိုတင်သွင်းခြင်း(၂)ရပ်**

(၁) မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ် အမည်စာရင်း တင်သွင်းခြင်း၊

(၂) မွန်ပြည်နယ်အတွက် ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်း တင်သွင်းခြင်း၊

(င) **သဘောတူဆုံးဖြတ်ချက် (၂)ရပ်**

(၁) မွန်ပြည်နယ် ပြည်နယ်ဥပဒေချုပ်အဖြစ် ချောင်းဆုံမြို့နယ်နေ ဦးဝင်းကြည်(တရားရုံးချုပ်ရှေ့နေ)အသက်(၄၉)နှစ်အားခန့်အပ်တာဝန်ပေးရန်ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ခြင်း၊

(၂) မွန်ပြည်နယ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် မော်လမြိုင်မြို့နေ ဒေါ်ခင်ခင်မျိုး(ညွှန်ကြားရေးမှူး-ငြိမ်း)(ပြည်နယ်စာရင်းရုံး)အား ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှသဘောတူ ဆုံးဖြတ်ခြင်း၊

## (စ) မှတ်တမ်းတင်ခြင်း (၁)ရပ်

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ ၊ရေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဦးနိုင်လဝီအောင်မှ သမီးဖြစ်သူရန်ကုန်သူနာပြု တက္ကသိုလ်တွင် ဘွဲ့ယူရန်ရှိ၍ ခွင့်ပန်ကြားခြင်းအားလွှတ်တော်မှခွင့်ပြု မှတ်တမ်းတင် ဆုံးဖြတ်ခြင်း။

**၂၀၁၁ခုနှစ်ဖေဖော်ဝါရီလ(၂၁)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် မွန်ပြည်နယ်လွှတ်တော်ရုံး လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)အစည်းအဝေးမှတ်တမ်း (၅/၂၀၁၁)**

**အစည်းအဝေးတက်ရောက်ကြသူများ**

၁။ အောက်ဖော်ပြပါပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ်များ ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စုစုပေါင်း(၃၁)ဦးတက်ရောက်ကြပါသည်-

| | | |
|---|---|---|
| (က)ဦးအုန်းမြင့် | ပြည်နယ်ဝန်ကြီးချုပ် | |
| (ခ) ဦးကျင်ဖေ | ဥက္ကဋ္ဌ | ပြည်နယ်လွှတ်တော် |
| (ဂ) ဦးဌေးလွင် | ဒုတိယဥက္ကဋ္ဌ | ပြည်နယ်လွှတ်တော် |
| (ဃ) ဦးစိန်မြင့် | ကျိုက်ထို | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (င) ဦးလှထွန်း | ကျိုက်မရော | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (စ) ဦးစံတင် | ကျိုက်မရော | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ဆ)ဦးအောင်နိုင်ဦး | ချောင်းဆုံ | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဇ) ဦးမောင်လန်း | ပေါင် | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဈ) ဦးချမ်းမြင့် | ပေါင် | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ည ဒေါက်တာခင်မောင်သွင် | ဘီးလင်း | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဋ) ဦးဝင်းမော်ဦး | ဘီးလင်း | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ဌ) ဦးထွန်းရီ(ခ)မင်းနွယ်စိုး | မုဒုံ | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ဍ) ဒေါက်တာလှဦး | မော်လမြိုင် | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဎ) ဒေါက်တာတိုးတိုးအောင် | မော်လမြိုင် | မဲဆန္ဒနယ်မြေအမှတ်(၂) |

(ဏ) ဦးမင်းသိန်းဟန် ရေး မဲဆန္ဒနယ်မြေအမှတ်(၂)
(တ) ဦးနိုင်လဝီအောင် ရေး မဲဆန္ဒနယ်မြေအမှတ်(၁)
(ထ) ဦးထွန်းလှိုင် သထုံ မဲဆန္ဒနယ်မြေအမှတ်(၁)
(ဒ) ဦးသိန်းဇော် သထုံ မဲဆန္ဒနယ်မြေအမှတ်(၂)
(ဓ) ဦးမျိုးညွန့် သံဖြူဇရပ်မဲဆန္ဒနယ်မြေအမှတ်(၁)
(န) ဦးနိုင်ဦး သံဖြူဇရပ်မဲဆန္ဒနယ်မြေအမှတ်(၂)
(ပ) ဦးအောင်ကျော်သိန်း တိုင်းရင်းသား(ကရင်)
(ဖ) ဦးဖေမြ(ခ)ခွန်ဖေမြ တိုင်းရင်းသား(ပအိုဝ်း)
(ဗ) ဦးသက်ဝင်း တိုင်းရင်းသား(ဗမာ)
(ဘ) ဗိုလ်မှူးကြီးဌေးမြင့်အောင်တပ်မတော်သားကိုယ်စားလှယ်
(မ) ဗိုလ်မှူးလှမိုးသိန်း တပ်မတော်သားကိုယ်စားလှယ်
(ယ) ဗိုလ်မှူးသက်မင်းထွန်း တပ်မတော်သားကိုယ်စားလှယ်
(ရ) ဗိုလ်မှူးဇော်ထက် တပ်မတော်သားကိုယ်စားလှယ်
(လ) ဗိုလ်ကြီးကျော်စွာဦး တပ်မတော်သားကိုယ်စားလှယ်
(ဝ) ဗိုလ်ကြီးနေမျိုးသက် တပ်မတော်သားကိုယ်စားလှယ်
(သ) ဗိုလ်မှူးသန်းလွင် တပ်မတော်သားကိုယ်စားလှယ်
(ဟ) ဗိုလ်မှူးအောင်မြတ်မိုး တပ်မတော်သားကိုယ်စားလှယ်

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

**ရည်ရွယ်ချက်**

၃။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)အား အောင်မြင်စွာကျင်းပနိုင်ရန်။

## နေရာယူရန်ပန်ကြားခြင်း

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)တွင် အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းကဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက်ကြကာ ပဉ္စမနေ့ အစည်းအဝေးအား အစီအစဉ်(၁၂)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင်အခမ်းအနားမှူးက ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြား ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရောက်ရှိနေရာယူခြင်း

၆။ (၀၉၅၅)နာရီအချိန်တွင် အခမ်းအနားမှူးကပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား ကြွရောက်နေရာယူပေးရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

၇။ (၁၀၀၀)နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပေးပါရန် ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ယနေ့(ပဉ္စမနေ့)အစည်းအဝေးတွင်တက်ရောက်

ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးရှိသည့်အနက်(၃၁)ဦးစလုံးတက်ရောက်သဖြင့် ရာခိုင်နှုန်း (၁၀၀%)ဖြစ်သည့်အတွက် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ၃၄(ခ) အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါသည်။

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက မွန်ပြည်နယ် အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည် စာရင်းနှင့် ကိုယ်ရေးအချက်အလက်အကျဉ်းအား တင်ပြခြင်း**

၈။ (၁၀၀၂)နာရီအချိန်တွင်အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခံထားရသူက မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းကိုကြေညာပေးပါရန်ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၃၀၈)ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)နှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၄၉)တို့အရ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးခင်မောင်ကြီး၊ တွဲဖက် ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(နေပြည်တော်)အားခန့်အပ်တာဝန်ပေးမည် ဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိုယ်ရေးအချက်အလက်များမှာ ဗမာ/ဗုဒ္ဓ ဖြစ်ပြီး၊ အသက်(၅၅)နှစ်၊ ပညာအရည်အချင်းမှာ **LLB, DBL, DIL, DIR.MPA,** ဖြစ်ကြောင်းပြည်နယ်လွှတ်တော်သို့ တင်ပြပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ  တင်ပြဆွေးနွေးခြင်း

၉။ (၁၀၀၅)နာရီအချိန်တွင် အခမ်းအနားမှူးမှနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူကပေးပို့ခဲ့သည့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ၅၂(ခ)၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၃၁၀) ပါသတ်မှတ် အရည်အချင်း နှင့်မပြည့်စုံကြောင်းကိုခိုင်လုံသည့် သက်သေအထောက်အထားများနှင့်ပူးတွဲ တင်ပြရမည်ဟု ပါရှိကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၀၈) ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၂)တွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် အတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် မပြည့်စုံကြောင်းအထင်အရှား မပြနိုင်ပါက သက်ဆိုင်ရာပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသည့်ပုဂ္ဂိုလ်အားတရားသူကြီးချုပ် အဖြစ်ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟုပါရှိကြောင်း ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်သို့ ပေးပို့လာသောဦးခင်မောင်ကြီးနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၆(က)အရကိုယ်စားလှယ်များမှတင်ပြဆွေးနွေးပေးကြ ပါရန် (၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာတက်ရောက်လာသည့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်မရှိကြောင်း တွေ့ရှိရပါသည်။

## ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၀။ (၁၀၀၇)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မွန်ပြည်နယ် အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်

ပေးနိုင်ရန်အမည်စာရင်းပေးပို့လာခြင်းနှင့်ယှဉ်တွဲ၍လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသို့ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၆(က)နှင့် အညီ ဆွေးနွေးနိုင်ရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာ တင်ပြဆွေးနွေးရန်မရှိကြသဖြင့်ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၅၂)အရ ဦးခင်မောင်ကြီးအား မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ် လွှတ်တော်မှသဘောတူဆုံးဖြတ်ကြောင်း ကြေညာပါသည်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကမွန်ပြည်နယ် အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်အကျဉ်း တင်ပြခြင်း

၁၁။ (၁၀၀၈)နာရီအချိန်တွင် အခမ်းအနားမှူးမှပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်ခံထားရသူက မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းကိုကြေညာပေးပါရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအားပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၅၀(ခ) အရ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများမှာ ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့ဖြစ်ကြောင်း၊ ဦးသိန်းမြင့်သည် ဗမာ/ဗုဒ္ဓဖြစ်ပြီး အသက် (၅၉)နှစ်၊ ပညာအရည်အချင်းမှာ **LLB** ၊အလုပ်အကိုင်မှာ တွဲဖက် ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(မန္တလေး)ဖြစ်ကြောင်း၊ ဦးညီညီစိုးသည် ဗမာ/ဗုဒ္ဓ ဖြစ်ပြီး၊ အသက်(၅၀)နှစ်၊ ပညာအရည်အချင်း **LLB**၊ အလုပ်အကိုင်မှာ ခရိုင်တရားသူကြီး(မန္တလေးခရိုင်တရားရုံး) ဖြစ်ကြောင်းတင်ပြပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှတင်ပြဆွေးနွေးခြင်း

၁၂။ (၁၀၀၉)နာရီအချိန်တွင်အခမ်းအနားမှူးမှ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့လာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂)ဦး၏ အမည်စာရင်းနှင့်ပတ်သက်၍ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၅၂ (ခ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၁၀)ပါသတ်မှတ်ချက်များနှင့်မပြည်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများနှင့် ပူးတွဲတင်ပြရမည်ဟု ပါရှိကြောင်း၊ ထို့အပြင်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၃၀၈)၊ပုဒ်မခွဲ(ခ)၊ပုဒ်မခွဲငယ်(၁)တွင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအတွက်သတ်မှတ်ထားသည့်အရည်အချင်းနှင့်မပြည့်စုံကြောင်းအထင်အရှားမပြနိုင်ပါကသက်ဆိုင်ရာပြည်နယ်လွှတ်တော်သည်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ပါရှိကြောင်း ရှင်းလင်းခဲ့ပါသည်။

၁၃။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်သို့တင်ပြလာသည့် ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၃၆(က)နှင့်အညီကိုယ်စားလှယ်များမှတင်ပြဆွေးနွေးပေးကြပါရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာတင်ပြဆွေးနွေးခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၄။ (၁၀၁၃)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူကပေးပို့လာသည့်

ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ အဖြစ်ခန့်အပ်ရန် ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့(၂)ဦး အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၆(က)နှင့်အညီတင်ပြဆွေးနွေးရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှ တင်ပြဆွေးနွေးရန်မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၅၂)အရ ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်း ကြေညာပါသည်။

**အစည်းအဝေးရပ်နားကြောင်း ကြေညာခြင်း**

၁၅။(၁၀၁၅)နာရီအချိန်တွင်အခမ်းအနားမှူးမှပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)အား အောင်မြင်စွာပြီးစီးသွားသဖြင့်ရပ်နားခဲ့ကြောင်း ကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ

(ကျော်သူရ -လက်ထောက်ညွှန်ကြားရေးမှူး)

လွှတ်တော်ရုံး(စီမံ)

စာအမှတ်၊ ၁၀၀ / လွှတ်တော်(စီမံ) / ၀၀၃

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

**ဖြန့်ဝေခြင်း**

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)တွင် အဆိုတင်သွင်းခြင်း (၂)ရပ်၊ သဘောတူဆုံးဖြတ်ခြင်း(၂)ရပ်။**

(က) **ပဉ္စမနေ့အစည်းအဝေးကျင်းပရက်**

၂၁. ၂ . ၂၀၁၁ရက်နေ့(တနင်္လာနေ့)

(ခ) **ကျင်းပသည့်အချိန်**

နံနက် (၁၀၀၀)နာရီ

(ဂ) **ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ (ရာမညဆောင်)

(ဃ) **အဆိုတင်သွင်းခြင်း(၂)ရပ်**

(၁) မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် အမည်စာရင်းတင်သွင်းခြင်း၊

(၂) မွန်ပြည်နယ်အတွက်ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ အမည်စာရင်းတင်သွင်းခြင်း၊

(င) **သဘောတူဆုံးဖြတ်ချက် (၂)ရပ်**

(၁) မွန်ပြည်နယ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးခင်မောင်ကြီး၊တွဲဖက်ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(နေပြည်တော်)၊ အသက်(၅၅)နှစ်အား ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ခြင်း၊

(၂) မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးသိန်းမြင့်၊ တွဲဖက်ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(မန္တလေး)၊အသက်(၅၉)နှစ်နှင့် ဦးညီညီစိုး၊ ခရိုင်တရားသူကြီး၊ (မန္တလေးခရိုင်တရားရုံး) အသက် (၅၀)နှစ်အားခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ခြင်း၊

**၂၀၁၁ခုနှစ်၊ မတ်လ(၁)ရက်နေ့ နံနက်(၁၁၀၀)နာရီအချိန်တွင် မွန်ပြည်နယ်လွှတ်တော်ရုံးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစည်းအဝေးမှတ်တမ်း (၆/၂၀၁၁)**

**အစည်းအဝေးတက်ရောက်ကြသူများ**

၁။ အောက်ဖော်ပြပါပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ်များ ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စုစုပေါင်း(၃၁)ဦးတက်ရောက်ကြပါသည်-

(က) ဦးအုန်းမြင့် ပြည်နယ်ဝန်ကြီးချုပ်
(ခ) ဦးကျင်ဖေ ဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်
(ဂ) ဦးဌေးလွင် ဒုတိယဥက္ကဋ္ဌပြည်နယ်လွှတ်တော်
(ဃ) ဦးစိန်မြင့် ကျိုက်ထို မဲဆန္ဒနယ်မြေအမှတ်(၂)
(င) ဦးလှထွန်း ကျိုက်မရောမဲဆန္ဒနယ်မြေအမှတ်(၁)
(စ) ဦးစံတင် ကျိုက်မရောမဲဆန္ဒနယ်မြေအမှတ်(၂)
(ဆ) ဦးအောင်နိုင်ဦး ချောင်းဆုံ မဲဆန္ဒနယ်မြေအမှတ်(၁)
(ဇ) ဦးမောင်လန်း ပေါင် မဲဆန္ဒနယ်မြေအမှတ်(၁)
(ဈ) ဦးချမ်းမြင့် ပေါင် မဲဆန္ဒနယ်မြေအမှတ်(၂)
(ည) ဒေါက်တာခင်မောင်သွင် ဘီးလင်း မဲဆန္ဒနယ်မြေအမှတ်(၁)
(ဋ) ဦးဝင်းမော်ဦး ဘီးလင်း မဲဆန္ဒနယ်မြေအမှတ်(၂)
(ဌ) ဦးထွန်းရီ(ခ)မင်းနွယ်စိုး မုဒုံ မဲဆန္ဒနယ်မြေအမှတ်(၂)
(ဍ) ဒေါက်တာလှဦး မော်လမြိုင် မဲဆန္ဒနယ်မြေအမှတ်(၁)
(ဎ) ဒေါက်တာတိုးတိုးအောင် မော်လမြိုင်မဲဆန္ဒနယ်မြေအမှတ်(၂)

| | | |
|---|---|---|
| (ဏ) ဦးမင်းသိန်းဟန် | ရေး | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (တ) ဦးနိုင်လဝီအောင် | ရေး | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ထ) ဦးထွန်းလှိုင် | သထုံ | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဒ) ဦးသိန်းဇော် | သထုံ | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ဓ) ဦးမျိုးညွန့် | သံဖြူဇရပ် | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (န) ဦးနိုင်ဦး | သံဖြူဇရပ် | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ပ) ဦးအောင်ကျော်သိန်း | တိုင်းရင်းသား(ကရင်) | |
| (ဖ) ဦးဖေမြ(ခ)ခွန်ဖေမြ | တိုင်းရင်းသား(ပအိုဝ်း) | |
| (ဗ) ဦးသက်ဝင်း | တိုင်းရင်းသား(ဗမာ) | |
| (ဘ) ဗိုလ်မှူးကြီးဌေးမြင့်အောင်တပ်မတော်သားကိုယ်စားလှယ် | | |
| (မ) ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ယ) ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ရ) ဗိုလ်မှူးဇော်ထက် | တပ်မတော်သားကိုယ်စားလှယ် | |
| (လ) ဗိုလ်ကြီးကျော်စွာဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဝ) ဗိုလ်ကြီးနေမျိုးသက် | တပ်မတော်သားကိုယ်စားလှယ် | |
| (သ) ဗိုလ်မှူးသန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | |
| (ဟ) ဗိုလ်မှူးအောင်မြတ်မိုး | တပ်မတော်သားကိုယ်စားလှယ် | |

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

**ရည်ရွယ်ချက်**

၃။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ဆဌမနေ့)အား အောင်မြင်စွာကျင်းပနိုင်ရန်။

## နေရာယူရန်ပန်ကြားခြင်း

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)တွင် အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက် ကြကာ ဆဋ္ဌမနေ့အစည်းအဝေးအား အစီအစဉ်(၆)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင်အခမ်းအနားမှူးက ပထမအကြိမ်မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရောက်ရှိနေရာယူခြင်း

၆။ (၁၁၀၀)နာရီအချိန်တွင် အခမ်းအနားမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ကြွရောက်နေရာယူပေးရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

၇။ (၁၁၀၀)နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပေးပါရန်ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မှ ယနေ့(ဆဋ္ဌမနေ့)အစည်းအဝေးတွင် တက်ရောက်ခွင့်

ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။ တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးရှိသည့်အနက်(၃၁)ဦးစလုံးတက်ရောက်သဖြင့် ရာခိုင်နှုန်း (၁၀၀%)ဖြစ်သည့်အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါသည်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြရှင်းလင်းခြင်း**

၈။ (၁၁၀၃)နာရီအချိန်တွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၂(က)အရ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပေးပါရန် ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနှင့် သင့်လျော်သည့်နိုင်ငံသား (၄)ဦး၊ စုစုပေါင်း(၉)ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီတွင် တာဝန်ပေးမည့်သူ(၉)ဦးစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်းတင်ပြပါသည် -

| | |
|---|---|
| (က)ဦးစိန်မြင့် | ကျိုက်ထိုမဲဆန္ဒနယ်(၂) |
| (ခ) ဦးသိန်းဇော် | သထုံမဲဆန္ဒနယ်(၂) |
| (ဂ) ဦးမောင်လန်း | ပေါင်မဲဆန္ဒနယ်(၁) |
| (ဃ)ဦးချမ်းမြင့် | ပေါင်မဲဆန္ဒနယ်(၂) |
| (င) ဦးမင်းသိန်းဟန် | ရေးမဲဆန္ဒနယ်(၂) |
| (စ) ဦးကျော်မြင့် | ဝိဇ္ဇာဘွဲ့၊လယ်ယာလုပ်ငန်း(သထုံ) |

(ဆ)ဒေါက်တာအောင်ကျော်ထွန်း မြို့နယ်ဆရာဝန်(ငြိမ်း)၊မော်လမြိုင်

(ဇ) ဦးသန်းရွှေ ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ မွန်ပြည်နယ်

(ဈ) ဦးမောင်မောင်သန်း တရားရုံးချုပ်ရှေ့နေ၊ မုဒုံ

၉။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အဆိုပါဥပဒေပြုရေးကော်မတီတွင် တာဝန်ပေးမည့် (၉)ဦးထဲမှ ကျိုက်ထိုမဲဆန္ဒနယ်(၂)မှ ဦးစိန်မြင့်အားဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သထုံမဲဆန္ဒနယ်(၂)မှ ဦးသိန်းဇော်အားအတွင်းရေးမှူး အဖြစ်လည်းကောင်း၊ကျန်(၇)ဦးအားအဖွဲ့ဝင်အဖြစ် တာဝန်ပေးသွားမှာ ဖြစ်ကြောင်းနှင့် ကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၅)ဦးနှင့် နိုင်ငံသား(၄)ဦးတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေး ရန်ရှိပါက(၃-၃-၂၀၁၁)ရက်နေ့(ကြာသပတေးနေ့)တွင်ဆက်လက် ပြုလုပ်မည့် ပြည်နယ်လွှတ်တော်(သတ္တမနေ့)အစည်းအဝေးတွင် တင်ပြဆွေးနွေး နိုင်ကြောင်း ပြည်နယ်လွှတ်တော်တွင် တင်ပြပါသည်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုပြည်နယ် လွှတ်တော်သို့ တင်ပြရှင်းလင်းခြင်း**

၁၀။ (၁၁၀၇)နာရီအချိန်တွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၂(က)အရ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပေးပါရန် ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအား

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၊ သင့်လျော်သည့်နိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦးနှင့်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် တာဝန်ပေးမည့်သူ(၉)ဦးမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တင်ပြပါသည် -

| | | |
|---|---|---|
| (က) | ဦးလှထွန်း | ကျိုက်မရောမဲဆန္ဒနယ်(၁) |
| (ခ) | ဦးစံတင် | ကျိုက်မရောမဲဆန္ဒနယ်(၂) |
| (ဂ) | ဦးအောင်နိုင်ဦး | ချောင်းဆုံမဲဆန္ဒနယ်(၁) |
| (ဃ) | ဦးနိုင်ဦး | သံဖြူဇရပ်မဲဆန္ဒနယ်(၂) |
| (င) | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် |
| (စ) | ဦးဇော်မြင့် | ကုန်သည်၊ မုဒုံ |
| (ဆ) | ဦးမျိုးချစ် | မွေး/ကုဆရာဝန်(ငြိမ်း)၊ ရေး |
| (ဇ) | ဦးဘချစ် | သ/မဦးစီးအရာရှိ(ငြိမ်း)၊ မုဒုံ |
| (ဈ) | ဦးစိုးထင် | ညွှန်/မှူး(ငြိမ်း)၊ မြန်မာနှစ်ရှည်ပင်လုပ်ငန်း မော်လမြိုင် |

၁၁။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှအဆိုပါ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတွင်တာဝန်ပေးမည့်(၉)ဦးထဲမှကျိုက်မရောမဲဆန္ဒနယ်(၁)မှ ဦးလှထွန်းအားဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျိုက်မရောမဲဆန္ဒနယ်(၂)မှ ဦးစံတင်အားအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကျန်(၇)ဦးအားအဖွဲ့ဝင်အဖြစ်လည်းကောင်းတာဝန်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနှင့် နိုင်ငံသား(၄)ဦးတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးရန်ရှိပါက (၃-၃-၂၀၁၁) ရက်နေ့ (ကြာသပတေးနေ့)တွင် ဆက်လက်ပြုလုပ်မည့် ပြည်နယ် လွှတ်တော် (သတ္တမနေ့)အစည်းအဝေးတွင် တင်ပြဆွေးနွေးနိုင်ကြောင်း ပြည်နယ်လွှတ်တော်တွင် တင်ပြပါသည်။

**ပြည်နယ်လွှတ်တော်(ဆဋ္ဌမနေ့)ရပ်နားကြောင်းကြေညာခြင်း**

၁၂။ (၁၁၁၀)နာရီအချိန်တွင် အခမ်းအနားမှူးမှပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)အား အောင်မြင်စွာကျင်းပပြီးစီးသွားသဖြင့် ရပ်နားကြောင်းကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ကျော်သူရ -လက်ထောက်ညွှန်ကြားရေးမှူး)
လွှတ်တော်ရုံး(စီမံ)

စာအမှတ်၊ ၁၀၀ / လွှတ်တော်(စီမံ) / ၀၀၃
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ မတ်လ ရက်

**ဖြန့်ဝေခြင်း**

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး
မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(ဆဌမနေ့)တွင် အဆိုတင်သွင်းခြင်း (၂)ရပ်**

(က) **ဆဌမနေ့အစည်းအဝေးကျင်းပရက်**

၁. ၃ . ၂၀၁၁ရက်နေ့(အင်္ဂါနေ့)

(ခ) **ကျင်းပသည့်အချိန်**

နံနက် (၁၁၀၀)နာရီ

(ဂ) **ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ (ရာမညဆောင်)

(ဃ) **အဆိုတင်သွင်းခြင်း(၂)ရပ်**

(၁) ပြည်နယ်လွှတ်တော်သို့ ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနှင့် သင့်လျော်သောနိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦး၏အမည်စာရင်းအားတင်သွင်းခြင်း၊

(၂) ပြည်နယ်လွှတ်တော်သို့ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနှင့် သင့်လျော်သောနိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦး၏ အမည်စာရင်းအားတင်သွင်းခြင်း။

**၂၀၁၁ခုနှစ်၊ မတ်လ(၃)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် မွန်ပြည်နယ်လွှတ်တော်ရုံးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေး (သတ္တမနေ့)အစည်းအဝေးမှတ်တမ်း (၇/၂၀၁၁)**

**အစည်းအဝေးတက်ရောက်ကြသူများ**

၁။ အောက်ဖော်ပြပါပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ်များ ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စုစုပေါင်း(၃၁)ဦးတက်ရောက်ကြပါသည်-

(က) ဦးအုန်းမြင့် ပြည်နယ်ဝန်ကြီးချုပ်
(ခ) ဦးကျင်ဖေ ဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်
(ဂ) ဦးဌေးလွင် ဒုတိယဥက္ကဋ္ဌပြည်နယ်လွှတ်တော်
(ဃ) ဦးစိန်မြင့် ကျိုက်ထို မဲဆန္ဒနယ်မြေအမှတ်(၂)
(င) ဦးလှထွန်း ကျိုက်မရော မဲဆန္ဒနယ်မြေအမှတ်(၁)
(စ) ဦးစံတင် ကျိုက်မရော မဲဆန္ဒနယ်မြေအမှတ်(၂)
(ဆ) ဦးအောင်နိုင်ဦး ချောင်းဆုံ မဲဆန္ဒနယ်မြေအမှတ်(၁)
(ဇ) ဦးမောင်လန်း ပေါင် မဲဆန္ဒနယ်မြေအမှတ်(၁)
(ဈ) ဦးချမ်းမြင့် ပေါင် မဲဆန္ဒနယ်မြေအမှတ်(၂)
(ည) ဒေါက်တာခင်မောင်သွင် ဘီးလင်း မဲဆန္ဒနယ်မြေအမှတ်(၁)
(ဋ) ဦးဝင်းမော်ဦး ဘီးလင်း မဲဆန္ဒနယ်မြေအမှတ်(၂)
(ဌ) ဦးထွန်းရီ(ခ)မင်းနွယ်စိုး မုဒုံ မဲဆန္ဒနယ်မြေအမှတ်(၂)
(ဍ) ဒေါက်တာလှဦး မော်လမြိုင် မဲဆန္ဒနယ်မြေအမှတ်(၁)
(ဎ) ဒေါက်တာတိုးတိုးအောင်မော်လမြိုင်မဲဆန္ဒနယ်မြေအမှတ်(၂)

| | | |
|---|---|---|
| (ဏ)ဦးမင်းသိန်းဟန် | ရေး | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (တ)ဦးနိုင်လဝီအောင် | ရေး | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ထ)ဦးထွန်းလှိုင် | သထုံ | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (ဒ) ဦးသိန်းဇော် | သထုံ | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ဓ) ဦးမျိုးညွန့် | သံဖြူဇရပ် | မဲဆန္ဒနယ်မြေအမှတ်(၁) |
| (န) ဦးနိုင်ဦး | သံဖြူဇရပ် | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (ပ) ဦးအောင်ကျော်သိန်း | တိုင်းရင်းသား(ကရင်) | |
| (ဖ) ဦးဖေမြ(ခ)ခွန်ဖေမြ | တိုင်းရင်းသား(ပအိုဝ်း) | |
| (ဗ) ဦးသက်ဝင်း | တိုင်းရင်းသား(ဗမာ) | |
| (ဘ)ဗိုလ်မှူးကြီးငွေးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | |
| (မ) ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ယ)ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ရ) ဗိုလ်မှူးဇော်ထက် | တပ်မတော်သားကိုယ်စားလှယ် | |
| (လ)ဗိုလ်ကြီးကျော်စွာဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဝ) ဗိုလ်ကြီးနေမျိုးသက် | တပ်မတော်သားကိုယ်စားလှယ် | |
| (သ)ဗိုလ်မှူးသန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | |
| (ဟ)ဗိုလ်မှူးအောင်မြတ်မိုး | တပ်မတော်သားကိုယ်စားလှယ် | |

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

**ရည်ရွယ်ချက်**

၃။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (သတ္တမနေ့)အား အောင်မြင်စွာကျင်းပနိုင်ရန်။

## နေရာယူရန်ပန်ကြားခြင်း

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(သတ္တမနေ့)တွင် အခမ်းအနားမှူးအဖြစ်မွန်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းက ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက်ကြကာ သတ္တမနေ့အစည်းအဝေးအား အစီအစဉ်(၈)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင်အခမ်းအနားမှူးက ပထမအကြိမ်မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး (သတ္တမနေ့)စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြား ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဌရောက်ရှိနေရာယူခြင်း

၆။ (၁၀၀၀)နာရီအချိန်တွင် အခမ်းအနားမှူးကပြည်နယ်လွှတ်တော် ဥက္ကဌအား ကြွရောက်နေရာယူပေးရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော် ဥက္ကဌသည် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

၇။ (၁၀၀၁)နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဌထံသို့ အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပေးပါရန် ပန်ကြားခဲ့ရာပြည်နယ် လွှတ်တော်ဥက္ကဌမှ ယနေ့(သတ္တမနေ့)အစည်းအဝေးတွင် တက်ရောက်ခွင့်

ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။ တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးရှိသည့်အနက်(၃၁)ဦးစလုံးတက်ရောက်သဖြင့် ရာခိုင်နှုန်း (၁၀၀%)ဖြစ်သည့်အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ (ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

၈။ (၁၀၀၃)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက (၁-၃-၂၀၁၁) ရက်နေ့ ပြည်နယ်လွှတ်တော်အစည်းအဝေး(ဆဋ္ဌမနေ့)တွင် တင်ပြထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်း တင်ပြချက်နှင့်ပတ်သက်၍ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား ဆွေးနွေးပေးပါရန်(၃)ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း တင်ပြဆွေးနွေးရန်မရှိကြောင်း တွေ့ရှိရပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၉။ (၁၀၀၅)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက (၁-၃-၂၀၁၁) ရက်နေ့ ပြည်နယ်လွှတ်တော်အစည်းအဝေး(ဆဋ္ဌမနေ့)တွင် တင်ပြထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားဆွေးနွေးပေးရန် (၃)ကြိမ်ဖိတ်ခေါ်

ခဲ့သော်လည်း တင်ပြဆွေးနွေးရန်မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ (က)(ခ)တို့အရ ကော်မတီအားအောက်ပါပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနှင့် နိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦးတို့ဖြင့် ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါသည် -

| | | |
|---|---|---|
| (က)ဦးစိန်မြင့် | ကျိုက်ထိုမဲဆန္ဒနယ်(၂) | ဥက္ကဋ္ဌ |
| (ခ) ဦးမောင်လန်း | ပေါင်မဲဆန္ဒနယ်(၁) | အဖွဲ့ဝင် |
| (ဂ) ဦးချမ်းမြင့် | ပေါင်မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (ဃ)ဦးမင်းသိန်းဟန် | ရေးမဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (င) ဦးကျော်မြင့် | ဝိဇ္ဇာဘွဲ့၊လယ်ယာလုပ်ငန်း (သထုံ) | အဖွဲ့ဝင် |
| (စ) Dr အောင်ကျော်ထွန်း | မြို့နယ်ဆရာဝန်(ငြိမ်း) မော်လမြိုင် | အဖွဲ့ဝင် |
| (ဆ)ဦးသန်းရွှေ | ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း) မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) ဦးမောင်မောင်သန်း | တရားရုံးချုပ်ရှေ့နေ၊ မုဒုံ | အဖွဲ့ဝင် |
| (ဈ)ဦးသိန်းဇော် | သထုံမဲဆန္ဒနယ်(၂) | အတွင်းရေးမှူး |

၁၀။ ဆက်လက်ပြီး(၁၀၀၆)နာရီအချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များသို့ ကြိုတင်ဖြန့်ဝေထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ သက်တမ်းတိုးသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂(ဂ)အရ လွှတ်တော်မှသဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ  ဆွေးနွေးခြင်း

၁၁။ (၁၀၁၁)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက(၁-၃-၂၀၁၁) ရက်နေ့တွင် ပြည်နယ်လွှတ်တော်အစည်းအဝေး(ဆဋ္ဌမနေ့)တွင် တင်ပြထားသော တိုင်းရင်းသာလူမျိုးများ အရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းတင်ပြချက်နှင့် ပက်သတ်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား ဆွေးနွေးပေးပါရန် (၃)ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း တင်ပြဆွေးနွေးရန်မရှိကြောင်း တွေ့ရှိရပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၂။ (၁၀၁၂)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက (၁-၃-၂၀၁၁) ရက်နေ့ ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့)တင်ပြထားသော တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းတင်ပြချက်နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေပုဒ်မ ၆၂(က)(ခ)တို့အရ ကော်မတီအားအောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦး၊ နိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦးဖြင့်ဖွဲ့စည်းကြောင်းကြေညာခဲ့ပါသည်-

| | | |
|---|---|---|
| (က)ဦးလှထွန်း | ကျိုက်မရောမဲဆန္ဒနယ်(၁) | ဥက္ကဋ္ဌ |
| (ခ) ဦးအောင်နိုင်ဦး | ချောင်းဆုံမဲဆန္ဒနယ်(၁) | အဖွဲ့ဝင် |
| (ဂ) ဦးနိုင်ဦး | သံဖြူဇရပ်မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (ဃ)ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) ဦးဇော်မြင့် | ကုန်သည်၊ မုဒုံ | အဖွဲ့ဝင် |

(စ) ဦးမျိုးချစ် မွေး/ကုဆရာဝန်(ငြိမ်း)၊ ရေး အဖွဲ့ဝင်
(ဆ)ဦးဘချစ် သ/မဦးစီးအရာရှိ(ငြိမ်း)၊ မုဒုံ အဖွဲ့ဝင်
(ဇ) ဦးစိုးထင် ညွှန်/မှူး(ငြိမ်း)၊ အဖွဲ့ဝင်
မြန်မာနှစ်ရှည်ပင်လုပ်ငန်း၊ မော်လမြိုင်
(ဈ)ဦးစံတင် ကျိုက်မရောမဲဆန္ဒနယ်(၂) အတွင်းရေးမှူး

၁၃။ ဆက်လက်ပြီး (၁၀၁၃)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကြိုတင်ဖြန့်ဝေထားသည့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန် မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၂ (ဂ)အရ ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်း ကြေညာခဲ့ပါသည်။

၁၄။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကပြောကြားရာတွင် (၃၁-၁-၂၀၁၁)၊ (၁၁-၂-၂၀၁၁)၊ (၁၄-၂-၂၀၁၁)၊ (၁၈-၂-၂၀၁၁)၊ (၂၁-၂-၂၀၁၁)၊(၁-၃-၂၀၁၁)ရက်နေ့များတွင် (၆)ကြိမ်အစည်းအဝေး ကျင်းပပြီး ဖြစ်သလို ယခုအစည်းအဝေးသည် သတ္တမနေ့အစည်းအဝေး ဖြစ်ကြောင်း၊ ကျင်းပ ပြီးစီးသည့်အစည်းအဝေးများတွင်သတ်မှတ်ပြဋ္ဌာန်း ထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ-

(က)သဘာပတိတင်မြှောက်ခြင်း၊
(ခ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတင်မြှောက်ခြင်း၊
(ဂ) ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်း တင်ပြအတည်ပြုခြင်း၊
(ဃ)ပြည်နယ်ဝန်ကြီးဌာန၊ ဝန်ကြီးဦးရေများသတ်မှတ်ခြင်း၊
(င) ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေသတ်မှတ်ခြင်း၊
(စ) ပြည်နယ်ဝန်ကြီးများအမည်စာရင်းသတ်မှတ်အတည်ပြုခြင်း၊

(ဆ)တိုင်းရင်းသားရေးရာဝန်ကြီးများအား လွှတ်တော်မှမှတ်တမ်းတင်ခြင်း၊

(ဇ) ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် တရားသူကြီးချုပ်နှင့်တရားသူကြီး(၂)ဦး တို့ကိုလည်းတာဝန်ပေးခန့်ထားရန်သဘောတူဆုံးဖြတ်ချက်များချမှတ်ခဲ့ပါသည်။

၁၅။ ထို့အပြင်မတ်လ(၁)ရက်နေ့အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို တင်ပြခဲ့ကြောင်းတင်ပြခဲ့သည့်ကော်မတီများမှာ ပါဝင်ကြမည့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မဟုတ်သည့် နိုင်ငံသားများကိုအသိပေးခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့သို့အသိပေးရာတွင် ၎င်းတို့အနေဖြင့်ယခုလိုပါဝင်ဆောင်ရွက်ခွင့်ရခြင်းသည် ကိုယ့်ဒေသအကျိုး၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြင်ပမှ နိုင်ငံသားများအားကော်မတီအသီးသီးတွင် အားဖြည့်ရခြင်းမှာလည်း လွှတ်တော်လုပ်ငန်းများ၊ ဒေသအကျိုး၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် ပိုမိုအင်အားဖြည့် ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ပါကြောင်း ယနေ့အစည်းအဝေးတွင် ဖော်ပြပါကော်မတီဝင်ဦးရေ၊ ပါဝင်ကြသည့်အဖွဲ့ဝင်အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအမည်စာရင်း၊ ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းစသည်တို့ကို ဆုံးဖြတ်အတည်ပြုပြီးဖြစ်ပါကြောင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်နယ် လွှတ်တော် အစည်းအဝေးကြီးသည် အထမြောက်အောင်မြင်လျက်ရှိပါကြောင်း

လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ဒေသအစွဲ၊ ပါတီအစွဲ၊ အစွဲမကြီးဘဲ အစွန်းရောက်မှုများကိုဖယ်ရှားပြီးနောက် လွှတ်တော်ကိုယ်စားလှယ်အားလုံး ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်အစည်းအဝေးကြီးအောင်မြင်ကာ ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုသယ်ပိုးသွားနိုင်ကြမှာဖြစ်ပါကြောင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

**အစည်းအဝေးရပ်နားကြောင်းကြေညာခြင်း**

၁၆။ (၁၀၁၅)နာရီအချိန်တွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(သတ္တမနေ့)အား အောင်မြင်စွာပြီးစီးသွားသဖြင့် ရပ်နားခဲ့ကြောင်းကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ကျော်သူရ -လက်ထောက်ညွှန်ကြားရေးမှူး)
လွှတ်တော်ရုံး(စီမံ)

စာအမှတ်၊ ၁၀၀ / လွှတ်တော်(စီမံ) / ၀၀၃

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ မတ်လ ရက်

**ဖြန့်ဝေခြင်း**

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(သတ္တမနေ့)တွင် သဘောတူဆုံးဖြတ်ခြင်း (၄)ရပ်**

(က) **သတ္တမနေ့အစည်းအဝေးကျင်းပရက်**

၃. ၃ . ၂၀၁၁ရက်နေ့(ကြာသပတေးနေ့)

(ခ) **ကျင်းပသည့်အချိန်**

နံနက် (၁၀၀၀)နာရီ

(ဂ) **ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ (ရာမညဆောင်)

(ဃ) **သဘောတူဆုံးဖြတ်ခြင်း(၄)ရပ်**

(၁) ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများ အတည်ပြုခြင်းနှင့် ကော်မတီအား(၉)ဦးဖြင့်ဖွဲ့စည်းရန် ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ခြင်း၊

(၂) ကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်ပတ်သက်၍အတည်ပြုရန်ပြည်နယ်လွှတ်တော်မှသဘောတူ ဆုံးဖြတ်ခြင်း၊

(၃) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင် သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ကော်မတီ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်းများ အတည်ပြုခြင်း နှင့်ကော်မတီအား(၉)ဦးဖြင့်ဖွဲ့စည်းရန်ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ခြင်း၊

(၄) ကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်ပတ်သက်၍အတည်ပြုရန်ပြည်နယ်လွှတ်တော်မှသဘောတူ ဆုံးဖြတ်ခြင်း၊

## ဥပဒေပြုရေးဆိုင်ရာကော်မတီ(၉)ဦး၏ အမည်စာရင်း

| | | | |
|---|---|---|---|
| (၁) | ဦးစိန်မြင့် | ကျိုက်ထိုမဲဆန္ဒနယ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်လန်း | ပေါင်မဲဆန္ဒနယ်(၁) | အဖွဲ့ဝင် |
| (၃) | ဦးချမ်းမြင့် | ပေါင်မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးမင်းသိန်းဟန် | ရေးမဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးကျော်မြင့် | ဝိဇ္ဇာဘွဲ့၊ လယ်ယာလုပ်ငန်း(သထုံ) | အဖွဲ့ဝင် |
| (၆) | Dr အောင်ကျော်ထွန်း | မြို့နယ်ဆရာဝန်(ငြိမ်း)၊ မော်လမြိုင် | အဖွဲ့ဝင် |
| (၇) | ဦးသန်းရွှေ | ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (၈) | ဦးမောင်မောင်သန်း | တရားရုံးချုပ်ရှေ့နေ၊ မုဒုံ | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဇော် | သထုံမဲဆန္ဒနယ်(၂) | အတွင်းရေးမှူး |

## ဥပဒေပြုရေးဆိုင်ရာကော်မတီ

### ကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်နယ်လွှတ်တော်သည် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၊သင့်လျော်သည့် နိုင်ငံသား(၄)ဦး၊ စုစုပေါင်း(၉)ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က)ဦးစိန်မြင့် | ကျိုက်ထိုမဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) ဦးမောင်လန်း | ပေါင်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဂ) ဦးချမ်းမြင့် | ပေါင်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

(ဃ)ဦးမင်းသိန်းဟန် ရေးမဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်

(င) ဦးကျော်မြင့် ဝိဇ္ဇာဘွဲ့(သမိုင်း) လယ်ယာလုပ်ငန်း(သထုံ) အဖွဲ့ဝင်

(စ) Dr.အောင်ကျော်ထွန်းဆရာဝန်(ငြိမ်း)၊ ပြင်ပဆေးကုခန်းမော်လမြိုင် အဖွဲ့ဝင်

(ဆ)ဦးသန်းရွှေ ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ မော်လမြိုင် အဖွဲ့ဝင်

(ဇ) ဦးမောင်မောင်သန်း တရားရုံးချုပ်ရှေ့နေ၊ မုဒုံ အဖွဲ့ဝင်

(ဈ) ဦးသိန်းဇော် သထုံမဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး

၂။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါပြန်လည်သုံးသပ်ပြီး လိုအပ်ပါကသင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏တာဝန်များ

၃။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကိုအခြေခံ၍စိစစ်ရမည် -

(က) နိုင်ငံတော်ကချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကိုအလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ/မရှိ ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များပါဝင်ခြင်းရှိ/မရှိ ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ ၊

(စ) အများပြည်သူ၏လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကိုထိခိုက်ခြင်း ရှိ/မရှိ ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်းရှိ/မရှိ ၊

(ဇ) သက်ဆိုင်ရာဥပဒေနှင့်စပ်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိခြင်းရှိ/မရှိ ၊

(ဈ) ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် နိုင်မည့် အခြေအနေရှိ/မရှိ

(ည) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံစွာပါရှိခြင်းရှိ/မရှိ။

၄။ ကော်မတီသည် ပြည်နယ်လွှတ်တော်ကအခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

၅။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကို အသေးစိတ်ဆွေးနွေး စဉ်းစား ရာ၌ ပြည်နယ်လွှတ်တော်တွင်ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်း တို့နှင့် စပ်လျဉ်း၍ထောက်ခံသူမလို၊

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍တစ်ကြိမ်ထက် ပို၍ဆွေးနွေးခွင့်ရှိသည်၊

(ဂ) ဥပဒေပြုရေးဆိုင်ရာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊အဖွဲ့အစည်း တို့နှင့်ညှိနှိုင်းပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော (သို့မဟုတ်)ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကိုအသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ ပြည်နယ်လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲ အဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ(၆၃)ပါပြဋ္ဌာန်းချက်များနှင့်အညီကျင်းပရမည်။

၈။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့်ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ပြည်နယ်လွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့်သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ပြည်နယ် လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) ပြင်ဆင်ရန်အကြံပြုချက်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြ နိုင်ခွင့်ရှိသည်၊

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၉။ အပိုဒ်(၆)အရ ကော်မတီ၏တင်ပြချက်နှင့်အကြံပြုချက်များသည် ဥပဒေပြုရေးဆိုင်ရာတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသောတင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေပြုရေးဆိုင်ရာကိစ္စ၏သဘောတွင် အကျုံးဝင်သောတင်ပြချက်၊ အကြံပြုချက်များလည်းဖြစ်ရမည်။

၁၀။ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီး ဖြစ်ပါက -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင်တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကိုကော်မတီက သဘောတူလျှင်ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကိုလက်မှတ်ရေးထိုး၍ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း၊ လက်မှတ်ရေးထိုးတင်ပြနိုင်သည်၊

(ဃ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေပြုရေးဆိုင်ရာကိုကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ (၇)ရက်အတွင်း (ရုံးပိတ်ရက်များမပါ)ကော်မတီ၏အစီရင်ခံစာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်၊

(င) ကော်မတီဥက္ကဋ္ဌ(သို့မဟုတ်)ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးအပ်ခြင်းခံရသူသည်ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

၁၁။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့် နှင့်ဆန္ဒမဲပေးခွင့် ရှိသည်၊

(ခ) ပြည်နယ်လွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်ခိုင်လုံသော အကြောင်းဖော်ပြလျက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသားများဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပအခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ

အဖွဲ့အစည်း၏အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါကဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ(၉)ဦး၏အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးလှထွန်း | ကျိုက်မရောမဲဆန္ဒနယ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်နိုင်ဦး | ချောင်းဆုံမဲဆန္ဒနယ်(၁) | အဖွဲ့ဝင် |
| (၃) | ဦးနိုင်ဦး | သံဖြူဇရပ်မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (၄) | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) | ဦးဇော်မြင့် | ကုန်သည်၊ မုဒုံ | အဖွဲ့ဝင် |
| (၆) | ဦးမျိုးချစ် | မွေး/ကုဆရာဝန်(ငြိမ်း)၊ရေး | အဖွဲ့ဝင် |
| (၇) | ဦးဘချစ် | သ/မ ဦးစီးအရာရှိ(ငြိမ်း)၊မုဒုံ | အဖွဲ့ဝင် |
| (၈) | ဦးစိုးထင် | ညွှန်/မှူး(ငြိမ်း)၊ မြန်မာနှစ်ရှည်ပင်လုပ်ငန်း၊ မော်လမြိုင် | အဖွဲ့ဝင် |
| (၉) | ဦးစံတင် | ကျိုက်မရော မဲဆန္ဒနယ်(၂) | အတွင်းရေးမှူး |

# တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ

## ကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်နယ်လွှတ်တော်သည် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသားများဖြင့်ဖွဲ့စည်းလိုက်သည် -

(က)ဦးလှထွန်း ကျိုက်မရောမဲဆန္ဒနယ်အမှတ်(၁) ဥက္ကဋ္ဌ

(ခ) ဦးနိုင်ဦး သံဖြူဇရပ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်

(ဂ) ဦးအောင်နိုင်ဦး ချောင်းဆုံမဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်

(ဃ)ဦးဇော်မြင့် ကုန်သည်(မုဒုံ)အဖွဲ့ဝင်

(င) ဦးမျိုးချစ် မွေး/ကုဆရာဝန်(ငြိမ်း)၊ ရေးမြို့ အဖွဲ့ဝင်

(စ) ဦးဘချစ် သ/မဦးစီးအရာရှိ(ငြိမ်း)၊မုဒုံမြို့ အဖွဲ့ဝင်

(ဆ)ဦးစိုးထင် ညွှန်/မှူး(ငြိမ်း) မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အဖွဲ့ဝင်

(ဇ) ဗိုလ်မှူးလှမိုးသိန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

(ဈ) ဦးစံတင် ကျိုက်မရောမဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး

၂။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကသင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၃။ ကော်မတီသည်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍စိစစ်ရမည် -

(က) နိုင်ငံတော်ကချမှတ်သော မူဝါဒများ၊ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ/မရှိ ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကိုအန္တရာယ်ပြု ထိပါးစေမည့်အချက်များပါဝင်ခြင်းရှိ/မရှိ ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ ၊

(စ) အများပြည်သူ၏လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်းရှိ/မရှိ ၊

(ဇ) သက်ဆိုင်ရာဥပဒေနှင့်စပ်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိခြင်းရှိ/မရှိ ၊

(ဈ) ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် နိုင်မည့် အခြေအနေရှိ/မရှိ

(ည) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံစွာပါရှိခြင်းရှိ/မရှိ ၊

(ဋ) ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအရအပ်နှင်းထားသည့်တိုင်းရင်းသားလူမျိုးများ၏အရေးကိုလိုအပ်သည့်အခါ စနစ်တကျနှင့် ပြည့်စုံမှန်ကန်စွာလေ့လာတင်ပြနိုင်ရမည်၊

(ဌ) ကော်မတီသည် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်၊

(ဍ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားမည်၊

(ဎ) အခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်အောင် ဆောင်ရွက်မည်၊

(ဏ) နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး နှင့်ဒီမိုကရေစီထွန်းကားရေးတို့အတွက် အတူတကွကြိုးပမ်း ဆောင်ရွက်မည်၊

(တ) တိုင်းရင်းသားလူမျိုးအသီးသီးယဉ်ကျေးမှု အနုပညာအစဉ်အလာ ကောင်းများကိုထိန်းသိမ်းအားပေးသွားမည်၊

(ထ) တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေး၊ အပြန်အလှန် ချစ်ကြည်လေးစားရေး၊ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်း အောင်လည်း ကူညီဆောင်ရွက်သွားမည်၊

(ဒ) တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အပါအဝင် လူမှုစီးပွားဘဝတိုးတက် ဖွံ့ဖြိုးစေရန် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားမည်၊

(ဓ) တိုင်းရင်းသားလူမျိုးများအတွင်း ဘာသာ၊ သာသနာအချင်းချင်း နားလည်သင့်မြတ်ချစ်ကြည်မှုကို အားပေးသွားမည်၊

၄။ ကော်မတီသည် တိုင်းရင်းသားလူမျိုးများအရေးကို အသေးစိတ် ဆွေးနွေးစဉ်းစားရာ၌ ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်း တို့နှင့် စပ်လျဉ်း၍ထောက်ခံသူမလို၊

(ခ) ကော်မတီအဖွဲ့ဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက် ပိုပြီးဆွေးနွေးခွင့်ရှိသည်၊

(ဂ) တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ် များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၅။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော (သို့မဟုတ်) ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ ပြည်နယ်လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲ အဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီအစည်းအဝေးများကို ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ(၆၃)ပါပြဋ္ဌာန်းချက်များနှင့်အညီကျင်းပရမည်။

၇။ ကော်မတီသည် တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့်တိုင်းရင်းသားလူမျိုးများအား အကျိုးဖြစ်ထွန်း စေမည့်အကြံပြုချက်များကို ပြည်နယ်လွှတ်တော်သို့တင်ပြနိုင်ခွင့် ရှိသည်၊

(ခ) တိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်ရာကျွမ်းကျင်သူများ၏

အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

၈။ အပိုဒ်(၅)အရ ကော်မတီ၏တင်ပြချက်နှင့်အကြံပြုချက်များသည် တိုင်းရင်းသားလူမျိုးများအရေး ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် တိုင်းရင်းသားလူမျိုးများအကျိုးဖြစ်ထွန်းစေမည့် တင်ပြချက်၊ အကြံပြုချက်များလည်းဖြစ်ရမည်။

၉။ ကော်မတီ၏အစီအရင်ခံစာများ တင်ပြခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၆၄)ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၀။ ကော်မတီဝင်များသည်ပြည်နယ်လွှတ်တော်မှ တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်တာဝန်ပေးအပ်သည့်အခါဆောင်ရွက်သည့်ကာလများတွင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့်များ ရရှိခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပအခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်းသက်ဆိုင်ရာအဖွဲ့အစည်း၏အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**၂၀၁၁ခုနှစ်၊ မတ်လ(၃၀)ရက်နေ့ နံနက်(၁၁၀၀)နာရီအချိန်တွင် မွန်ပြည်နယ်လွှတ်တော်ရုံးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)မှတ်တမ်း (၈/၂၀၁၁)**

**အစည်းအဝေးတက်ရောက်ကြသူများ၊**

၁။ အောက်ဖော်ပြပါ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ပြည်နယ် အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ စုစုပေါင်း(၃၆)ဦးတက်ရောက်ကြပါသည်-

| | |
|---|---|
| (၁)ဦးအုန်းမြင့် | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) ဦးကျင်ဖေ | ဥက္ကဋ္ဌ |
| (၃) ဦးဌေးလွင် | ဒုတိယဥက္ကဋ္ဌ |
| (၄)ဗိုလ်မှူးကြီးဌေးမြင့်အောင် | ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန |
| (၅) ဒေါက်တာခင်မောင်သွင် | ဝန်ကြီး၊ စီးပွားရေးဝန်ကြီးဌာန |
| (၆)ဒေါက်တာတိုးတိုးအောင် | ဝန်ကြီး၊စက်မှုဝန်ကြီးဌာန |
| (၇)ဒေါက်တာလှဦး | ဝန်ကြီး၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ကြီးဌာန |
| (၈)ဦးမျိုးညွန့် | ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန |
| (၉) ဦးဝင်းမော်ဦး | ဝန်ကြီး၊ သစ်တောဝန်ကြီးဌာန |
| (၁၀)ဦးထွန်းလှိုင် | ဝန်ကြီး၊သာသနာရေးနှင့်အလုပ်သမား ဝန်ကြီးဌာန |

| | |
|---|---|
| (၁၁)ဦးနိုင်လဝီအောင်(ခ) နိုင်မြင့်ဆွေ | ဝန်ကြီး၊ စွမ်းအင်နှင့်လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန |
| (၁၂)ဒေါက်တာမင်းနွယ်စိုး | ဝန်ကြီး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန |
| (၁၃)ဦးအောင်ကျော်သိန်း | ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး |
| (၁၄)ဦးဖေမြ(ခ)ခွန်ဖေမြ | ဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး |
| (၁၅) ဦးသက်ဝင်း | ဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး |
| (၁၆) ဦးဝင်းကြည် | ပြည်နယ်ဥပဒေချုပ် |
| (၁၇) ဦးခင်မောင်ကြီး | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် |
| (၁၈) ဦးသိန်းမြင့် | ပြည်နယ်တရားလွှတ်တော် တရားသူကြီး |
| (၁၉) ဦးညီညီစိုး | ပြည်နယ်တရားလွှတ်တော် တရားသူကြီး |
| (၂၀) ဒေါ်ခင်ခင်မျိုး | ပြည်နယ်စာရင်းစစ်ချုပ် |
| (၂၁) ဦးစိန်မြင့် | ကျိုက်ထို မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၂၂) ဦးလှထွန်း | ကျိုက်မရော မဲဆန္ဒနယ်မြေအမှတ်(၁) |
| (၂၃) ဦးစံတင် | ကျိုက်မရော မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၂၄) ဦးအောင်နိုင်ဦး | ချောင်းဆုံ မဲဆန္ဒနယ်မြေအမှတ်(၁) |
| (၂၅) ဦးမောင်လန်း | ပေါင် မဲဆန္ဒနယ်မြေအမှတ်(၁) |

| | | |
|---|---|---|
| (၂၆) ဦးချမ်းမြင့် | ပေါင် | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၂၇) ဦးမင်းသိန်းဟန် | ရေး | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၂၈) ဦးသိန်းဇော် | သထုံ | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၂၉) ဦးနိုင်ဦး | သံဖြူဇရပ် | မဲဆန္ဒနယ်မြေအမှတ်(၂) |
| (၃၀) ဗိုလ်မှူးလှမိုးသိန်း | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၁) ဗိုလ်မှူးသက်မင်းထွန်း | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၂) ဗိုလ်မှူးဇော်ထက် | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၃) ဗိုလ်ကြီးကျော်စွာဦး | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၄) ဗိုလ်ကြီးနေမျိုးသက် | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၅) ဗိုလ်မှူးသန်းလွင် | | တပ်မတော်သားကိုယ်စားလှယ် |
| (၃၆) ဗိုလ်မှူးအောင်မြတ်မိုး | | တပ်မတော်သားကိုယ်စားလှယ် |

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

## ရည်ရွယ်ချက်

၃။ ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)အား အောင်မြင်စွာ ကျင်းပနိုင်ရန်။

## နေရာယူရန်ပန်ကြားခြင်း

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)တွင် အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး

ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက်ကြကာ ဒုတိယနေ့ အစည်းအဝေးအား အစီအစဉ်(၁၂)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင်အခမ်းအနားမှူးက ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရောက်ရှိနေရာယူခြင်း

၆။ (၁၀၀၀)နာရီအချိန်တွင် အခမ်းအနားမှူးကပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ကြွရောက်နေရာယူပေးရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

၇။ (၁၀၀၀)နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပေးပါရန် ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ယနေ့(အဋ္ဌမနေ့)အစည်းအဝေးတွင်တက်ရောက်ခွင့်ရှိသည့် ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၆)ဦးရှိသည့်အနက် (၃၆)ဦးစလုံးတက်ရောက်သဖြင့် ရာခိုင်နှုန်း (၁၀၀%) ဖြစ်သည့်အတွက်ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄(ခ) အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ပြည်နယ်လွှတ်တော်တွင် တင်ပြခြင်း

၈။ (၁၁၀၂)နာရီအချိန်တွင် အခမ်းအနားမှူးက ဒုတိယအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေးမှစ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအား အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ပေါင်း(၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်၍ ကော်မတီတွင် တာဝန်ပေးမည့် သူများနှင့်ပတ်သက်၍ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၆(က) နှင့်အညီ တင်ပြဆွေးနွေးနိုင်ကြောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြပါသည်။

၉။ (၁၁၀၃)နာရီအချိန်တွင် အခမ်းအနားမှူးက ပြည်နယ်လွှတ်တော်တွင် တင်ပြသွားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီတွင် တာဝန်ပေးအပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ပေါင်း(၅)ဦးနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၆(က)အရ တင်ပြဆွေးနွေးလိုသည်များရှိပါက ဆွေးနွေးနိုင်ကြောင်း(၃)ကြိမ် ဖိတ်ခေါ်ခဲ့ရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမှ တင်ပြဆွေးနွေးရန် မရှိကြောင်း တွေ့ရှိရပါသည်။

**လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

၁၀။ ဆက်လက်ပြီး(၁၁၀၅)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် (၁)ဦး၊ ပေါင်း(၅)ဦးနှင့် ပတ်သက်၍ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်မရှိကြသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၁(ဂ)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းကြောင်း ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအား အောက်ပါအတိုင်းဖွဲ့စည်းကြောင်း ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်-

| | | |
|---|---|---|
| (က)ဦးစိန်မြင့် | ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) ဦးမောင်လန်း | ပေါင်မြို့နယ်အဖွဲ့ဝင် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဂ) ဦးလှထွန်း | ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဃ)ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) ဦးချမ်းမြင့် | ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

**နိုင်ငံတော်သမ္မတမှ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်များအမည် စာရင်းအား ကြေညာခြင်းနှင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း**

၁၁။ ဆက်လက်ပြီး(၁၁ဝ၆)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတက မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးမည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာခြင်းနှင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁(ဂ)အရ မွန်ပြည်နယ်ဝန်ကြီးချုပ် အဖြစ် မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းမြင့်အား ခန့်အပ် တာဝန်ပေးခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂(စ)အရ အောက်ဖော်ပြပါ ပြည်နယ်ဝန်ကြီး(၉)ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဝန်ကြီး ဌာနများတွင် တာဝန်ပေးအပ်ခြင်း၊

(၁) ဗိုလ်မှူးကြီးဌေးမြင့်အောင် (တပ်မတော်သားကိုယ်စားလှယ်) (လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)

(၂) ဒေါက်တာခင်မောင်သွင် (ဘီးလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်-၁)(စီးပွားရေးဝန်ကြီးဌာန)

(၃) ဒေါက်တာတိုးတိုးအောင် (မော်လမြိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်-၂) (စက်မှုဝန်ကြီးဌာန)

(၄) ဒေါက်တာလှဦး (မော်လမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) (ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန)

(၅) ဦးမျိုးညွန့် (ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) (စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန)

(၆) ဦးဝင်းမော်ဦး (ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)
(သစ်တောဝန်ကြီးဌာန)

(၇) ဦးထွန်းလှိုင် (သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်-၁)
(သာသနာရေးနှင့်အလုပ်သမားဝန်ကြီးဌာန)

(၈) နိုင်လဝီအောင်(ခ)နိုင်မြင့်ဆွေ (ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁)(စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန)

(၉) ဒေါက်တာမင်းနွယ်စိုး( မုဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်-၂)
(လူမှုရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ် (၂)အရ မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် အောက်ဖော်ပြပါတိုင်းရင်းသား ဝန်ကြီး(၃)ဦးအား တာဝန်ပေးခန့်အပ်ခြင်း-

(၁) ဦးအောင်ကျော်သိန်း
(ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(၂) ဦးဖေမြ(ခ)ခွန်ဖေမြ
(ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(၃) ဦးသက်ဝင်း
(ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ (ခ)အရ မွန်ပြည်နယ် ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းကြည်အား ခန့်အပ်တာဝန် ပေးခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄) အရ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးခင်မောင်ကြီး အားလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးသိန်းမြင့် နှင့်ဦးညီညီစိုးတို့အားလည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲငယ်(ခ)အရ မွန်ပြည်နယ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်မျိုးအား ခန့်အပ်တာဝန်ပေးခြင်း၊

**ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ကတိသစ္စာပြုခြင်း**

၁၂။ ဆက်လက်ပြီး(၁၁၁၆)နာရီအချိန်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အောက်ဖော်ပြပါ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၆၀ ပုဒ်မခွဲ(က)(ခ)(ဂ)(ဃ)တို့နှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေစာအုပ် ကိုင်ဆောင်လျှက် ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ကြပါသည်-

| | | |
|---|---|---|
| (က) | ဦးအုန်းမြင့် | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ဗိုလ်မှူးကြီး ဌေးမြင့်အောင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ ခင်မောင်သွင် | စီးပွားရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာ တိုးတိုးအောင် | စက်မှုဝန်ကြီးဌာန |
| (င) | ဒေါက်တာ လှဦး | ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန |

| | | |
|---|---|---|
| (စ) | ဦးမျိုးညွန့် | စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန |
| (ဆ) | ဦးဝင်းမော်ဦး | သစ်တောဝန်ကြီးဌာန |
| (ဇ) | ဦးထွန်းလှိုင် | သာသနာရေးနှင့်အလုပ်သမား ဝန်ကြီးဌာန |
| (ဈ) | နိုင်လဝီအောင်(ခ) နိုင်မြင့်ဆွေ | စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန |
| (ည) | ဒေါက်တာ မင်းနွယ်စိုး | လူမှုရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဋ) | ဦးအောင်ကျော်သိန်း | ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန |
| (ဌ) | ဦးဖေမြ(ခ)ခွန်ဖေမြ | ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန |
| (ဍ) | ဦးသက်ဝင်း | ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန |
| (ဎ) | ဦးဝင်းကြည် | ပြည်နယ်ဥပဒေချုပ် |
| (ဏ) | ဦးခင်မောင်ကြီး | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် |
| (တ) | ဦးသိန်းမြင့် | ပြည်နယ်တရားလွှတ်တော် တရားသူကြီး |
| (ထ) | ဦးညီညီစိုး | ပြည်နယ်တရားလွှတ်တော် တရားသူကြီး |
| (ဒ) | ဒေါ်ခင်ခင်မျိုး | ပြည်နယ်စာရင်းစစ်ချုပ် |

## ပြည်နယ်ဝန်ကြီးချုပ် မိန့်ခွန်းမြွက်ကြားခြင်း

၁၃။ ဆက်လက်ပြီး(၁၁၂၃)နာရီအချိန်တွင် ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ သို့(၁၁၃၄)နာရီအချိန်ထိ ပြောကြားခဲ့သည့် မိန့်ခွန်းသည် မွန်ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဒေသတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက် မြင့်မားရေးတို့ကို ဆက်လက်ဆောင်ရွက်မည့် သမိုင်းဝင် မိန့်ခွန်းဖြစ်သဖြင့် တက်ရောက်လာသောကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ ပြည်နယ် လွှတ်တော်မှမှတ်တမ်းတင်ထားရှိရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

၁၄။ ဆက်လက်ပြီး(၁၁၃၅)နာရီအချိန်တွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့မှ အဌမနေ့အထိ ပြည်နယ်လွှတ်တော်မှ ကျင်းပခဲ့သည့် နေ့ရက် အလိုက် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့သည်များကို ပြန်လည်ရှင်းလင်းပြီး ဥပဒေ၊ နည်းဥပဒေများနှင့် အညီရွေးချယ်တင်မြှောက်တာဝန်ပေးခန့်အပ်ခဲ့သည့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအား ပေးအပ်လာမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ထမ်းဆောင်နိုင်မည်ဟုလည်း မျှော်လင့် ပါကြောင်း နိဂုံးချုပ်မှာကြားရင်း ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေး၏ နောက်ဆုံးနေ့အား အောင်မြင်စွာဖြင့် ကျင်းပပြီးစီးခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ကျော်သူရ - လက်ထောက်ညွှန်ကြားရေးမှူး)
လွှတ်တော်ရုံး ( စီမံ )

စာအမှတ်၊ ၁၀၀/ လွှတ်တော် (စီမံ) / ၀၀၃
ရက်စွဲ ၊ ၂၀၁၁ခုနှစ် ၊ ဧပြီလ ၃ ရက်

**ဖြန့်ဝေခြင်း**

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

**ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (အဌမနေ့) တွင် အဆိုတင်သွင်းခြင်း (၁) ရပ်၊ သဘောတူဆုံးဖြတ်ချက်(၁) ရပ်နှင့် မှတ်တမ်းတင်ခြင်း (၇) ရပ်**

(က) **အဌမနေ့အစည်းအဝေးကျင်းပရက်**

၁၀. ၁. ၂၀၁၁ ရက်နေ့(ဗုဒ္ဓဟူးနေ့)

(ခ) **ကျင်းပသည့်အချိန်**

နံနက် (၁၁၀၀)နာရီ

(ဂ) **ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ(ရာမညဆောင်)

(ဃ) **အဆိုတင်သွင်းခြင်း(၁)ရပ်**

ပြည်နယ်လွှတ်တော်စိစစ်ရေးကော်မတီအား အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၁)ဦး၊ စုစုပေါင်း(၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း အဆိုတင်သွင်းခြင်း -

(က) ဦးစိန်မြင့် ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဥက္ကဋ္ဌ

(ခ) ဦးမောင်လန်း ပေါင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်

(ဂ) ဦးလှထွန်း ကျိုက်မရောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်

(ဃ)ဗိုလ်မှူးသက်မင်းထွန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

(င) ဦးချမ်းမြင့် ပေါင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး

(င) **သဘောတူဆုံးဖြတ်ချက်(၁)ရပ်**

ပြည်နယ်လွှတ်တော် စိစစ်ရေးကော်မတီအား အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ တပ်မတော်သား(၁)ဦး၊ စုစုပေါင်း(၅)ဦး ဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခြင်း -

| | | |
|---|---|---|
| (က)ဦးစိန်မြင့် | ကျိုက်ထိုမြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) ဦးမောင်လန်း | ပေါင်မြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဂ) ဦးလှထွန်း | ကျိုက်မရောမြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဃ)ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) ဦးချမ်းမြင့် | ပေါင်မြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

## (စ) မှတ်တမ်းတင်ခြင်း(၇)ရပ်

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတက မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးမည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာခြင်းနှင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁(ဂ)အရ မွန်ပြည်နယ်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းမြင့်အား ခန့်အပ်တာဝန်ပေးခြင်းအား မှတ်တမ်းတင်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂(စ)အရ အောက်ဖော်ပြပါ ပြည်နယ်ဝန်ကြီး(၉)ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်ခြင်းအား မှတ်တမ်းတင်ခြင်း -

(ကက) ဗိုလ်မှူးကြီးဌေးမြင့်အောင်
(တပ်မတော်သားကိုယ်စားလှယ်)
(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)

(ခခ) ဒေါက်တာခင်မောင်သွင် (ဘီးလင်းမြို့နယ်မဲဆန္ဒနယ် အမှတ်-၁)(စီးပွားရေးဝန်ကြီးဌာန)

(ဂဂ) ဒေါက်တာတိုးတိုးအောင် (မော်လမြိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်-၂) (စက်မှုဝန်ကြီးဌာန) ၊

(ဃဃ) ဒေါက်တာလှဦး (မော်လမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) (ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန)

(ငင) ဦးမျိုးညွန့်(သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁) (စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန)

(စစ) ဦးဝင်းမော်ဦး(ဘီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂) (သစ်တောဝန်ကြီးဌာန)

(ဆဆ) ဦးထွန်းလှိုင် (သထုံမြို့နယ်မဲဆန္ဒနယ်အမှတ်-၁) (သာသနာရေးနှင့်အလုပ်သမားဝန်ကြီးဌာန)

(ဇဇ) နိုင်လဝီအောင်(ခ) (ရေးမြို့နယ်မဲဆန္ဒနယ်အမှတ်-၁) နိုင်မြင့်ဆွေ (စွမ်းအင်နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)

(ဈဈ) ဒေါက်တာမင်းနွယ်စိုး(မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်-၂) (လူမှုရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၂) အရ မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း တိုင်းရင်းသား ဝန်ကြီး(၃)ဦးအား တာဝန်ပေးခန့်အပ်ခြင်းအား မှတ်တမ်းတင်ခြင်း -

(ကက) ဦးအောင်ကျော်သိန်း
(ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(ခခ) ဦးဖေမြ(ခ)ခွန်ဖေမြ
(ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(ဂဂ) ဦးသက်ဝင်း
(ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန)

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆(ခ)အရ မွန်ပြည်နယ် ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းကြည်အား ခန့်အပ်တာဝန် ပေးခြင်းအား မှတ်တမ်းတင်ခြင်း ၊

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)အရ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးခင်မောင်ကြီးအားလည်းကောင်း၊ တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့အား လည်းကောင်း ခန့်အပ်တာဝန် ပေးခြင်း၊

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲငယ်(ခ)အရ မွန်ပြည်နယ်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်မျိုးအား ခန့်အပ် တာဝန်ပေးခြင်းအား မှတ်တမ်းတင်ခြင်း၊

(၇) မွန်ပြည်နယ်ဝန်ကြီးချုပ် မြွက်ကြားသည့်မိန့်ခွန်းအား ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈(ဂ)အရ ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း။

## ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(အဌမနေ့)တွင် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့်မိန့်ခွန်း

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်အစိုးရ၊ အစိုးရအဖွဲ့ဝင် ဥပဒေချုပ်နှင့်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ မွန်ပြည်နယ်တရားသူကြီးချုပ်၊ မွန်ပြည်နယ်တရားသူကြီးများနှင့် မွန်ပြည်နယ်စာရင်းစစ်ချုပ်တို့ခင်ဗျား၊ ဂုဏ်သရေရှိကြသော ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်ဖြစ်ပါတယ်၊ ကျွန်တော့်ကို မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ထောက်ခံတင်မြှောက်ပေးခဲ့ကြလို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့တဲ့အတွက် အထူးပင်ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း တင်ပြအပ်ပါတယ်။ အခုလိုဝန်ကြီးချုပ်အဖြစ် ပထမဆုံးအကြိမ် စကားပြောခွင့်ရတဲ့အတွက်လည်း အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်းလည်း ထပ်လောင်းတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် အားသစ်မာန်သစ်နှင့်စတင်ပြီး အရှိန်အဟုန်နှင့် ချီတက်နိုင်ဖို့အတွက်အမွေခံကောင်း၊ အစဉ်အလာကောင်းများ အခြေခံကောင်းများကို ဆက်ခံယူပြီး ယနေ့က စတင်၍ မွေးဖွားပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်(၇)ခု၊တိုင်းဒေသကြီး(၇)ခုတို့နှင့်အတူ ဥမကွဲသိုက်မပျက်ဘဲ အတူတကွလက်တွဲညီညီဆောင်ရွက်ခဲ့ကြလို့ နိုင်ငံတော်ရဲ့လမ်းပြမြေပုံ အဆင့်(၇)ဆင့်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုစိတ်ဓါတ်အရင်းခံပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့ကို အောင်မြင်စွာ တက်ရောက်ကျင်းပနိုင်ခဲ့ကြပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုထဲမှာ ပါဝင်တဲ့မွန်ပြည်နယ်မှာလည်း မွန်ပြည်နယ်အစိုးရဖွဲ့စည်းပေါ်ပေါက် လာခဲ့ပြီးဖြစ်ပါတယ်။

ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား၊ ဒီနေ့အစည်းအဝေးမှာတက်ရောက်လာတဲ့ ကျွန်တော်တို့အားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ ပြည်သူလူထုက ယုံကြည်အားကိုးစွာနှင့် အပ်နှင်းတာဝန်ပေးလိုက်ပြီး ဖြစ်ပါတယ်။ ပေးအပ်လိုက်တဲ့တာဝန်နှင့်အညီ အင်တိုက်အားတိုက် အချိန်ပြည့်ထမ်းဆောင်နိုင်အောင် လုံလောက်တဲ့ ထောက်ပံ့ကြေးနှင့် အဆောင်အယောင်များကိုလည်းတစ်ပါတည်းပေးလိုက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့တစ်ဦးချင်း အကျိုးစီးပွားနဲ့ ပါတီရဲ့အကျိုးစီးပွားထက် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွား၊ အမျိုးသား အကျိုးစီးပွားကိုသာ အမြဲတမ်းဦးစားပေး ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ မွေးဖွားခဲ့ကြပြီး ဒီမြေမှာမွေး၊ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီမှာဘဲ လုပ်ကိုင်စားသောက်ကြီးပြင်းလာခဲ့ကြတဲ့ တစ်အူတုံဆင်း ညီရင်းအစ်ကို ပြည်ထောင်စုဖွား၊ ပြည်ထောင်စုသားတွေစစ်စစ်ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲဖို့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ဆိုတာ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်၊ အားလုံးရဲ့အသက်ပဲ

ဖြစ်ပါတယ်။ စည်းလုံးမှသာ အေးချမ်းမယ်။ အေးချမ်းမှသာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်နိုင်မယ်။ ဒါမှသာ မွန်ပြည်နယ်မှာရှိတဲ့ သယံဇာတကို ဖော်ထုတ်အသုံးချပြီး ပြည်သူများရဲ့ လူနေမှုဘဝ၊ လူနေမှု အဆင့်အတန်းမြင့်မားလာမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်မှာ မွန်လူမျိုး(၁၁၉၃၈၂၃)ဦး၊ ဗမာ(၁၁၆၇၂၈၉)ဦး၊ ကရင် (၃၈၈၄၆၁)ဦး၊ ပအိုဝ်း(၉၃၆၅၉)ဦးနှင့် အခြား(၃၀၄၀၆)ဦးတို့ရှိပြီး ပြည်နယ် အကျယ်အဝန်းနှင့် လူဦးရေမျှတစွာရှိပါတယ်။ သယံဇာတအားဖြင့် လယ်ယာ၊ ဆန်စပါး၊ ဉယျာဉ်ခြံ၊ သားငါး၊ ရာဘာပြည့်စုံဖူလုံပြီး ဘိလပ်မြေစက်ရုံ တည်ဖို့ ထုံးကျောက်၊ သံကျောက်ပြည့်စုံပြီး လမ်းခင်းကျောက်၊ အလှဆင် ကျောက်နှင့် အခြားဓာတ်သတ္တုများလည်းရှိပါတယ်။ အေးချမ်းမှုကိုအရင်းခံပြီး လူ့အရည် အသွေး၊ လူ့အရင်းအမြစ်နှင့် ငွေကြေးအရင်းအနှီး၊ နည်းပညာ ပေါင်းစပ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်မယ်ဆိုရင် အချိန်တိုအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်ရုံအလုပ်ရုံ အခြေခံ ကောင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်လို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ပေါ် ရောက်နေပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးကို လက်ရှိ အတိုင်း အရှိန်အဟုန်မပျက် ဆောင်ရွက်ရင်း စက်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ခေတ်မီတဲ့ ပြည်နယ်ကြီးဖြစ်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့ဆိုရင် ကာလတို(၅)နှစ်စီမံကိန်းမှ အနှစ်(၃၀)နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအနေနဲ့ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ် ပဉ္စမကာလတို(၅)နှစ်စီမံကိန်း ရေးဆွဲ၍ပြည်နယ်တစ်ခုလုံး GDP ၁၀. ၃% ရရှိအောင် အောက်ပါအတိုင်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်-

အဲဒီမှာကြည့်ရင် စက်မှုကဏ္ဍပါဝင်မှု ၂၃. ၃% မှ ၃၂. ၈% တိုးတက်အောင် ဆောင်ရွက်ကြရပါမယ်။ လက်ရှိစက်ရုံတွေက

- စစ်တောင်းစက္ကူစက်ရုံ၊ ကော့စတစ်ဆိုဒါစက်ရုံ
- ဘီးလင်းသကြားစက်ရုံ၊ အရက်ချက်စက်ရုံ
- ဘီးလင်း Radial တာယာစက်ရုံ
- သထုံ တာယာစက်ရုံ
- ကျုံဝမ်းစက်မှုရုံ၊ အလုပ်ရုံများတို့ကို တွေ့ရမှုဖြစ်ပါတယ်။

ဒါတွေကို တိုးတက်အောင် ဆောင်ရွက်ရင်း အောက်ပါတို့ကိုလည်း ဆက်လက် အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်-

- ဘိလပ်မြေ စက်ရုံများ
- ရာဘာအခြေခံ စက်ရုံများ
- အဆင့်မီ Export ဖြစ်အောင် အဆင့်မြင့် သီးနှံဥယျာဉ်ခြံ စီမံကိန်းကြီးများဖြစ်ပါတယ်။

ဒီနေ့ မွန်ပြည်နယ်အစိုးရကို ပြည်ထောင်စုအစိုးရက အာဏာခွဲဝေအပ်နှင်းထားပြီး ပြည်နယ်လုပ်ပိုင်ခွင့်တွေလည်း ပေးထားပြီးဖြစ်ပါတယ်။

ပြည်နယ်ဘတ်ဂျက်ကို ပြည်နယ်ကဘဲ ရေးဆွဲ၍ ဥပဒေနှင့်အညီ စနစ်တကျ သုံးစွဲရပါမယ်။ ရငွေ သုံးငွေကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရပါမယ်။ အထူးသဖြင့် ပြည်နယ်အစိုးရက ရရှိတဲ့ အခွန်အခများအပေါ် တည်မှီအားထား၍ ယန္တရားကြီး လည်ပတ်ရတော့မှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို အထူးအားပေးပြီး ကြီးထွား၊ ကြီးပွားလာအောင်ဆောင်ရွက်ပြီး၊ ဝင်ငွေရရှိတိုးပွားရေး၊ ပြည်သူများ အလုပ်အကိုင်ရပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီးလူနေမှုဘဝမြင့်မားရေးကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ယခုလက်ရှိ မွန်ပြည်နယ် လူတစ်ဦးချင်းရဲ့ GDP ဟာ (၅၄၁၅၃၃)ကျပ် ရှိပြီး (၂၀၁၆)တွင် (၁၀၃၅၀၈၇)ကျပ် ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်ကြီးတစ်ခု ဖြစ်ပေါ် လာမှာဖြစ်တယ်။

ခေတ်သစ်စနစ်သစ်တို့ ကူးပြောင်းရာမှာ လွှတ်တော်ကိုယ်စားလှယ်များ အတွင်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ဖို့လိုသလို ပြည်သူလူထုအတွင်းမှာလည်း ထွန်းကားအောင် ပညာပေးစည်းရုံးဆောင်ရွက် သွားကြဖို့လိုပါတယ်။ ဒီလိုလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက် တဲ့အခါ ကျွန်တော်တို့ အစိုးရအဖွဲ့ဟာ လွှတ်တော်အတွင်းရှိ ပါတီစုံမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်တဲ့ နိုင်ငံရေး အင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးနဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ အခြေခံဥပဒေဘောင်အတွင်းက လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားလုံးကို လက်ကမ်းကြိုဆိုမှာဖြစ်ပါကြောင်းလည်း ထပ်လောင်းပြောကြား လိုပါတယ်။

နိဂုံးချုပ်အနေနဲ့- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ အသွင်ကူးပြောင်းရေးဖြစ်စဉ်အစမှာ တာဝန်ယူရတဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ အနေနဲ့ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်လာအောင် အလေးထားဆောင်ရွက်ရင်း နိုင်ငံတော်နှင့် ပြည်သူတွေရဲ့ အနာဂတ်ဘဝ သာယာလှပ စည်ပင်ခန့်ညားအောင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားတဲ့ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတောကြီး ရေရှည်တည်တံ့ရှင်သန်အောင် ကျွန်တော်တို့အားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းမြှင့်တင် ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။